# မိလိန္ဒမင်း နှင့် အရှင်နာဂသေနတို့၏

သိမ်မွေ့နက်နဲသော

# ဘာသာရေးအမေးအဖြေများ

နန္ဒာမိုးကြယ်

# စကားဦး

ဗုဒ္ဓဘာသာ စာပေကျမ်းဂန်များ စွာထဲ၌ မိလန္ဒပဉှာ (အမေးအဖြေ) သည် ထင်ရှားသော ကျမ်းတစ်ဆူ ဖြစ်ပါသည် ။

မိလန္ဒပဉှာသည် အကြောင်းခြင်းရာအားဖြင့် သိမ်မွေ့နက်နဲ ခက်ခဲလှစွာသော ကျမ်းတစ်ဆူ ဖြစ်၏။ မေးမြန်းသူ မိလန္ဒမင်းကြီးမှာ ပြဿနာတင်လျှောက်ရာ၌ စေ့စပ်သေချာသလောက် ဖြေဆိုသူ ရှင်နာဂသေနမထေရ်မြတ်ကြီးမှာ လည်း ဖြေဆိုရာ၌ အကွက်စေ့လှပါပေ၏။ ပြဿန ၁ရ ပ ်မ ျားမ ှ၁ များ ပြားသည် နှင့်အမျှ ဖြေဆိုသည့် အကြောင်းအချက်များမှာ လည်း ပို၍ သိသာ ထင်ရှားရလေအောင် သက်သေသာဓကများ ဖြင့် သိုင်းဝိုင်းရသည့်အတွက် ရှည်လျားကျယ်ပြန့်ပါပေ၏။

ဤ၌ ကျမ်းရင်းအနက်အဓိပ္ပာလည်း မချွတ်ယွင်း၊ စာဖတ်သူတို့ အတွက်လည်း လိုရင်းအချက်ကို ငုံမိစေရန်၊ အားထုတ်ရေးသားထားပါသည် ။ အထူးသဖြင့် လူငယ်ထုအတွက် ဘာသာရေးစာပေနှင့် နီးစပ်မှုရှိစေရန် ပါဠိဝေါဟာရတို့ ကို တတ်နိုင်သမျှ ရှောင်ပါ၏။ ပါဠိသက် ဝေါဟာရအဘိဓာန်ကို ကိုင်စွဲ၍ ဗဟု သုတ တိုးပွားဖွယ် အနက်တို့ ကိုလည်း ဖော်ထုတ်ထားပါ၏။

အထူးသဖြင့် လူငယ်ထုအတွက် ဘာသာရေးနှင့် နီးစပ်မှုရရှိရန် အား

ထုတ်ရေးသားခြင်းဖြစ် ပေရာ လူငယ်ထုအနေနှင့် ဤစာအုပ်ကို ဖတ်ရှုပြီး သကာလ စာပေအမြင်၊ ဘာသာရေးအမြင်တို့ ပွင့်လင်းသင့်သလောက် ပွင့်လင်းလာကြပြီ ဆိုကြားအံ့။ ဤစာအုပ်ကို ရေးသားပြုစုရကျိုးနပ်ပြီဟု ဆိုချင်ပါ၏။

(ဗုဒ္ဓ သာသနံ စိရံ တိဋ္ဌတု)
နန္ဒာမိုးကြယ်

***

## အတိတ်ဘဝ ကောက်ကြောင်း

အချိန်အခါကား ကဿပဘုရားရှင် လက်ထက်က ဖြစ်ချေ၏။

ရဟန်းအချို့သည် ဂင်္ဂါမြစ်ကမ်းနဘေးရှိ ကျောင်းဆောင်တစ်ဆောင်၌ စုဝေးကာ နေထိုင်သီတင်းသုံးကြလေ၏။ ဤတွင် ရဟန်းတို့ ၏ အကျင့်သီလ၊ တရားဓမ္မတို့ နှင့် ညီညွတ်စွာ ရှိကြလေကုန်သော ရဟန်းတို့ သည် နံနက်အရုဏ်တက် မိုးသောက်သည် နှင့် ဘုရားရှင်၏ ဂုဏ်ကျေးဇူးတော်ကို အောက်မေ့ဆင်ခြင်လျက် သီတင်းသုံးရာ ကျောင်းဝင်းတစ်ခုလုံးကို သုတ်သင်ရှင်းလင်းကြကုန်၏။ အမှိုက်သရိုက်များ ကင်းစင်ရလေအောင် တံမြက်စည်း လှည်းကြကုန်၏။

အမှိုက်သရိုက်များကို တစ်နေရာတည်း၌ စုပုံထားပြီးနောက် ကျောင်းဝင်းအပြင်သို့ သွားရောက်စွန့်ပစ်ကြလေ၏။ တစ်နေ့သ၌ ရဟန်းတစ်

ပါးသည် သာမဏေတစ်ပါးကို အပါးသို့ခေါ်ကာ -

"သာမဏေ၊ ဤစုပုံထားသော အမှိုက်သရိုက်များကို ကျုံးယူလျက် ကျောင်းဝင်းအပြင်သို့ သွားရောက်စွန့်ပစ်ပါလော့"

ဟူ၍ ခိုင်းစေညွှန်ကြားလေ၏။ သို့ရာတွင် သာမဏေသည် မကြားယောင်ပြုကာ အခြားနေရာသို့ ရှောင်တိမ်းထွက်ခွာသွားလေ၏။ ရဟန်းကလည်း ခေါ်ပြန်၏။ သာမဏေကား မသိကျိုးကျင်။ သုံးကြိမ်သုံးခါတိုင်ခေါ်ပါသော်ငြား သာမဏေက မကြားယောင်ပြု၍ သာ နေခဲ့၏။ ထိုအခါ၌ ရဟန်းသည် သာမဏေအပေါ် မကျေမနပ် ဖြစ် လာလေ၏။ ထို့ကြောင့် တံမြက်စည်းကို ကိုင်စွဲကာ သာမဏေထံသွားလျက် -

"အသင် သာမဏေ၊ သင်ကား ဆိုဆုံးမရ ခက်ခဲလှပေသည် တကား"

ဟု ဆိုမြည်ရင်း ၎င်း၏ လက်တွင်းမှ တံမြက်စည်းဖြင့် ရိုက် လိုက်လေ၏။ သာမဏေလည်း ထိုသို့ ရိုက်ပုတ်ခြင်းအတွက် ငိုယိုမြည်တမ်းပြီး စုပုံထားသော အမှိုက်သရိုက်များကို ကျောင်းဝင်းအပြင်သို့ သွားရောက်စွန့်ပစ်ရင်းမှ ဆုတောင်းလေ၏။

"ငါသည် ဤအမှိုက်သရိုက်များကို စွန့်ပစ်ရသော ကုသိုလ်အကျိုးတရားတို့ ကြောင့် နိဗ္ဗာန်သို့ မရောက်သေးသမျှ ဘဝ ဘဝတိုင်း၌ ထွန်းလင်းတောက်ပသော နေမင်းကြီးအလား ထက်မြက်လွန်ကဲသော ပညာဉာဏ်ရည်နှင့် တန်ခိုးအာနုဘော်တို့ ပြည့်စုံရပါစေသတည်း"

သာမဏေလည်း ထိုသို့ဆုတောင်းပြီးသော် ရေချိုးရန်အတွက် ဂင်္ဂါမြစ်ဆိပ်သို့ ဆင်းသက်လေ၏။ မြစ်ဆိပ်သို့ ရောက်သည် ရှိသော် ဂင်္ဂါမြစ်တွင်း စီးဆင်းနေသော ရေလှိုင်းတံပိုးတို့ ကို ကြည့်မြင်ပြီး ထပ်မံ၍ ဆုတောင်းပြန်လေ၏။

"ငါသည် နိဗ္ဗာန်သို့ မရောက်သေးသမျှ ဘဝ ဘဝတိုင်း၌ ထွန်းလင်း တောက်ပသော နေမင်းကြီးအလား ထက်မြက်လွန်ကဲသော ပညာဉာဏ် ရည်နှင့် တန်ခိုးအာနုဘော်တို့ ပြည့်စုံရပါစေ သတည်း"

ထိုသို့ သာမဏေ ဆုတောင်းနေစဉ်မှာ ပင် သာမဏေကို ရိုက်ပုတ် ဆုံးမခဲ့လေသော ရဟန်းသည် လည်း ဂင်္ဂါမြစ်ဆိပ်သို့ ဆင်းလာခဲ့လေ၏ ။ ဤ၌ သာမဏေ၏ ဆုတောင်းသံကို ကြားရလေသော် အတွေးအကြံတ စ်ခု ခေါင်းတွင်းသို့ ဝင်လာခဲ့လေ၏။

"ဤသာမဏေ ထိုသို့ဆုတောင်းသည် မှာ ငါ၏ နှိုးဆော်တိုက်တွန်းမှု ကြောင့် ဖြစ်ပေ၏။ ငါက ၎င်းကုသိုလ်ရရန်အတွက် နှိုးဆော်တိုက်တွန်း ခဲ့သည် ကို အကြောင်းပြုလျက် ဤဆုကို သူတောင်းခြင်း ဖြစ်ပေ၏။

ဤကိစ္စ၌ ငါသည် အရင်းခံ တိုက်တွန်းနှိုးဆော်သူ ဖြစ်သဖြင့် သူ ဆု တောင်းသကဲ့သို့ ငါလည်း ဆုတောင်းအံ့။ သူ့ဆုတောင်းပြည့်လျှင်ဖြင့် ငါ့ ဆုတောင်းလည်း ပြည့်ဝပေလိမ့်မည်"

ထိုသို့ ကြံစည်တွေးတောမိသဖြင့် ရဟန်းလည်း မဆိုင်းမတွပင် ဆု တောင်း လိုက်လေတော့၏။

"ငါသည် ဤဘဝဖြင့် နိဗ္ဗာန်သို့ ရောက်နိုင်လိမ့်ဦးမည်မဟုတ်။ ဘဝ များ စွာ ကျင်လည်ရပေဦးမည်။ ဤသို့ ဘဝသံသရာ၌ ကျင်လည်နေရဦး မည့် ကာလတစ်လျှောက် သာမဏေအား အကျိုးပွားစေရန် နှိုးဆော်တို က်တွန်းရသော ကုသိုလ်စေတနာကြောင့် ဤဂင်္ဂါမြစ်တွင်းရှိ လှိုင်းတံပိုး အဟု န်ကဲ့သို့ မကုန်ခန်းနိုင်သော ပညာဉာဏ်တို့ ပြည့်ဝစေပါသတည်း။ ဤသာမဏေမေးလေသမျှ ပြဿနာ အလုံးစုံအား ထိုးထွင်းသိမြင်လျက် ကောင်းစွာ ဖြေရှင်းပေးနိုင် သော ပညာပါရမီတို့ ပြည့်ပါစေသတည်း"

သို့ဖြင့် သာမဏေငယ်သည် လည်းကောင်း၊ ရဟန်းသည် လည်း

ကောင်း မိမိတို့ လိုရာဆုများကို တောင်းဆိုကြပြီးသည် ရှိသော် ထိုဘဝမှ လွန်မြောက်ပြီးသည့် သကာလ၊ လူ့ပြည် နတ်ပြည်တို့ ၌ ကျင်လည်ဖြစ်ကုန်ကြလေ၏။

ဂေါတမ ဘုရားရှင်လက်ထက်သို့ ရောက်လေသည် ရှိသော် ဘုရားရှင်သည် ရှင်မောဂ္ဂလိပုတ္တ တိဿမထေရ်ကို ဗျာဒိတ်ညွှန်ဘိသကဲ့သို့ပင် ကဿပဘုရားရှင် လက်ထက်က သာမဏေနှင့် ရဟန်းတို့ အား ရည်ညွှန်းလျက်

"ချစ်သားတို့ ၊ ငါဘုရားရှင် ပရိနိဗ္ဗာန်စံလွန်တော်မူပြီးနောက် အနှစ်ငါးရာမြောက် ရောက်သည် ရှိသော် ထိုသူနှစ်ဦးတို့ အနက် သာမဏေသည် မိလိန္ဒမင်း ဖြစ်လာအံ့။ ရဟန်းသည် ရှင်နာဂသေန ဖြစ်လာလတ္တံ့။

ထိုသူနှစ်ဦးတို့ သည် ငါဘုရားရှင် ဟောကြားတော်မူအပ်သော သုတ် ၊ ဝိနည်း၊ အဘိဓမ္မာတို့ အား တစ်ဦးနှင့်တစ်ဦး အပြန်အလှန် မေးမြန်းခြင်း၊ ဖြေဆိုခြင်းတို့ ဖြင့် ငါဘုရားရှင်၏ သာသနာတော်အား သန့်ရှင်းစင်ကြယ် စေကြလတ္တံ့"

ဟူ၍ ဗျာဒိတ်စကားကို မြွက်ကြားတော်မူလေသတည်း။

***

# ပညာပြည့်ဝ မိလိန္ဒ

ဂေါတမဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူခဲ့ပြီး နှစ်ပေါင်းငါးရာမြောက်လေသော် သာမဏေ ငယ်လည်း ဘုရားရှင် ဗျာဒိတ်ညွှန်တော်မူခဲ့သည့်အတိုင်း ဇမ္ဗူဒီပါကျွန်းရှိ သာဂလမြို့၌ "မိလိန္ဒမင်း" ဖြစ်၍ လာလေ၏ ။

မိလိန္ဒမင်းကား အသိပညာ၊ အတတ်ပညာ အမျိုးမျိုးတို့ ဖြင့်ပြည့်စုံကြွယ်ဝသူ ဖြစ်လေ၏။ အတတ်ပညာဆိုရာ၌ "သဒ္ဒါကျမ်းအတတ်၊ ဓမ္မသတ်ကျမ်းအတတ်၊ ဂဏန်းသင်္ချာအတတ်၊ အဆောက်အအုံ ဗိသုကာအတတ်" စသည့် ယောက်ျားကောင်းတို့ တတ်အပ်သော အဋ္ဌာရသ (၁၈) ရပ်ပညာတို့ ဖြစ်ကြလေ၏။ အသိပညာဆိုရာ၌ ကား ဘုရားရှင် ဟောကြားတော်မူခဲ့သော သုတ်၊ ဝိနည်း၊ အဘိဓမ္မာတည်းဟူသော ပိဋကတ်သုံးပုံပင် ဖြစ်လေ၏။ မိလိန္ဒမင်းကား အဋ္ဌာရသ (၁၈) ရပ်ကို ကျွမ်းကျင်သကဲ့သို့၊ ပိဋကတ်သုံးပုံကိုလည်း နှံ့စပ်သဖြင့် အတတ်ပညာရှင်၊ အသိပညာရှင် မိလိန္ဒမင်းအား လည်းကောင်း၊ သာဂလမြို့ကို လည်းကောင်း၊ ထိပါးရန် စိတ်ထဲ၌ မဝံ့ကြဘဲ လေးစားကြောက်ရွံ့ကြကုန်၏။

တစ်နေ့သ၌ မိလိန္ဒမင်းသည် သာဂလမြို့တွင်းမှ ထွက်၍ စစ်သည် ဗိုလ်ပါ ရဲမက်အပေါင်းတို့ ဖွဲ့စည်းထားသည့် ၎င်း၏ စစ်တပ်အခြေအနေကို ကြည့်ရှုစစ်ဆေးလေ၏။ သို့ရာတွင် မိလိန္ဒမင်း၏ စိတ်၌ စစ်သည် ဗိုလ်ပါရဲမက်တို့ နှင့် တွေ့ဆုံလိုသည် ထက် ပညာရှိအခေါ်ခံ အတတ်ပညာ

ရှင် အသိပညာရှင်များ နှင့် တွေ့ဆုံလိုစိတ်သာ ပြင်းပြလျက်ရှိပေ၏။

"ငါသည် ငါကဲ့သို့သော အတတ်ပညာရှင်၊ အသိပညာရှင်များ နှင့် တွေ့ဆုံကာ ပွင့်ပွင့်လင်း လင်း ဆွေးနွေး ဟောပြောချင်လှ၏။ ထိုပညာရှိ၊ ပညာရှင်များ သည် ငါ့အား စိုးစဉ်းမျှ ကြောက်ရွံ့တုန်လှုပ်စိတ်မရှိဘဲ ငါ၏ စိတ်နှလုံးကို ယူကျုံးဆွဲဆောင်နိုင်သည် အထိ ပြောဆိုတင်ပြနိုင် စွမ်း ရှိစေချင်၏။ ထိုသူများ နှင့် တွေ့ရလျှင် ငါ့အဖို့ စိတ်ပါဝင်စားဖွယ် ကောင်းပေလိမ့်မည်"

သို့ဖြင့် အချိန်ကာလကို စူးစမ်းကြည့်ရှု သုံးသပ်လိုက်ပြီး အပါးတွင် ခစားဝန်းရံနေကြသော အမတ်အပေါင်းကို မေးမြန်းစူးစမ်း လိုက်လေ၏။

"အမတ်အပေါင်းတို့ ၊ ဤအချိန်သည် ကား အချိန်ကောင်း ဖြစ်ပေ၏ ။ နေရောင်ကွယ်ပျောက် ခြင်း မရှိသေးသည့်အတွက် ဝန်းကျင်တစ်ခုလုံး ထင်လင်းစွာ ရှိနေ၏။ ထိုအချိန်အခါမျိုး၌ မြို့တွင်းသို့ ပြန်ဝင်၍ အကျိုး ရှိမည် မဟုတ်။ သဗ္ဗညုဘုရားရှင်၏ ဂုဏ်ကျေးဇူးကို သိသောသူ၊ ငါနှင့် ယှဉ်ပြိုင် ဆွေးနွေးနိုင်သူ၊ ငါ၏ ယုံမှားသံသယတို့ အား ပယ်ဖျောက်ရှင်း လင်းနိုင်သူ ပညာရှိ တစ်စုံတစ်ဦးနှင့်သာ တွေ့ဆုံလို၏။

သို့ဖြစ်၍ အဆိုပါ ထိုပညာရှိမျိုးကို အဘယ်၌ တွေ့နိုင်ပါမည်နည်း။ ထိုပညာရှိမျိုး ဤလောက၌ ရှိသည် ကို အမတ်တို့ သိကြပါ၏ လော"

ထိုသို့ မေးမြန်းတော်မူသည် ရှိသော် ယောနကတိုင်းသား ငါးရာသော အမတ်တို့ က မင်းကြီးအား ပြန်လည်လျှောက်ထားကြလေ၏။

"မြတ်သောမင်းကြီး၊ ဤလောက၌ ပညာရှိဖြစ်ကြသော ပုရာဏ ကဿပ၊ မက္ခလိဂေါသာလ၊ နိဂဏ္ဌနဋ္ဌပုတ္တ၊ သဉ္စယဗေလဋ္ဌပုတ္တ၊ အဇိတ ကေထကမ္ဗလ၊ ပကုဓကစ္စာယနတို့ တပည့်တပန်းများ စွာ ရှိကြသော ဂို

ဏ်းဆရာများ ဖြစ်ကြ၏။ လူအပေါင်းတို့ ၏ ကိုးကွယ်ရာ မှီခိုရာ သူ တော်ကောင်းဟူ၍ ခေါ်ဆိုသတ်မှတ်ခြင်း ခံရသူများ လည်း ဖြစ်ကြပါ၏ ။

သို့ဖြစ်၍ အရှင်မင်းကြီးအနေဖြင့် ထိုဆရာများ ထံ ကြွရောက်မေးမြ န်းတော်မူပါလျှင် ပြဿနာအားလုံးနှင့်တကွ ယုံမှားသံသယများ ပျောက် ကင်းနိုင်ပါလိမ့်မည် ဘုရား"

သည် လို တင်လျှောက်ကြလေသော် မိလိန္ဒမင်းလည်း ဦးစွာ ပုရာဏ ကဿပနှင့် တွေ့ဆုံရန် ဆုံးဖြတ် လိုက်လေသတည်း။

***

## ပုရာဏကဿပနှင့် တွေ့ဆုံဆွေးနွေးခြင်း

မိလိန္ဒမင်းလည်း အမတ်များ နှင့်အတူ ပုရာဏကဿပထံသို့ သွားခဲ့ လေ၏။ ရောက်သည် ရှိသော် ပုရာဏကဿပနှင့် အပြန်အလှန် ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်စကားဆိုပြီး သင့်လျော်ရာနေရာ၌ ထိုင် တော်မူကာ ပုရာဏကဿပနှင့် အမေးအမြန်း ပြုလေတော့၏။

"အရှင် ပုရာဏကဿပ၊ လူအပေါင်းကို အဘယ်သူ အဘယ်တရား က စောင့်ရှောက်ပါသနည်း"

"မင်းကြီး၊ လူအပေါင်းတို့ အား မြေကြီးက စောင့်ရှောက်ပါ၏ "

ထိုအဖြေစကားကို ကြားရလေသော် မိလိန္ဒမင်း၏ ရင်ထဲ၌ မကျေမ

နပ် ဖြစ်သွားရလေ၏။ သူသိထားသည် နှင့် ပုရာဏကဿပ၏ အဖြေတို့မှာ ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေ၏။ သည် အတွက် ထပ်မံ၍ အမေးစကား ဆိုလိုက်ပြန်၏။

"အရှင် ပုရာဏကဿပ၊ လူအပေါင်းအား မြေကြီးက စောင့်ရှောက်သည် ဆိုပါက အဝီစိငရဲသို့ ကျရောက်သွားသော သူတို့ အား အဘယ်ကြောင့် မြေကြီးက စောင့်ရှောက် တားဆီးခြင်း မပြုပါသနည်း။

အရှင် ပုရာဏကဿပ၊ အဝီစိငရဲ၌ ကျရောက်ကျင်လည်ကြရသူတို့သည် မြေကြီးကတစ်ဆင့် မြေကြီးကို ကျော်လွန်ပြီးမှ အဝီစိငရဲ၌ သွားရောက်ဒုက္ခ ခံစားကြရသည် မဟုတ်ပါလော"

မိလိန္ဒမင်း၏ အမေးကို ပုရာဏကဿပသည် မည်သို့မျှ ဖြေဆိုနိုင်ခြင်း မရှိခဲ့။ ဦးခေါင်းကို ငိုက်စိုက်ချလျက် မျက်နှာညှိုးငယ်စွာဖြင့် ဆွံ့အနေလေတော့၏။ သည် မြင်ကွင်းကြောင့် မိလိန္ဒမင်းလည်း လွန်စွာမှ စိတ်ပျက်အားလျော့သွားရ လေတော့၏။ ၎င်းနှင့် တန်းတူရည်တူ ယှဉ်ပြိုင်ဆွေးနွေးရန်ကို အသာထား၊ မေးခွန်းတစ်ခု၏ အဖြေကိုပင် လျော်ကန်သင့်မြတ်အောင် ဖြေဆိုနိုင်ခြင်းမရှိ။

"ဤဇမ္ဗူဒီပါတောင်ကျွန်း၌ ပညာရှိတို့ ကင်းမဲ့ကုန်ကြပြီလော၊ ငါ၏ ရည်မှန်းချက်ကား အချည်းနှီး ဖြစ်ခဲ့လေပြီတကား"

သည် သို့ ညည်းတွားရေရွတ်ပြီးနောက် အမတ်တို့ ကို ထုတ်ဖော်မြွက်ဟ လိုက်လေ၏။

"ငါ၏ အမတ်တို့ ၊ ငါနှင့်ဖက်ပြိုင်၍ ဆွေးနွေးနိုင်သော သူ၊ ငါ၏ ယုံမှားသံသယများကို ပယ်ဖျောက်ရှင်းလင်းနိုင်သော သူ၊ ရဟန်း ပုဏ္ဏား ဂိုဏ်းဆရာ အသီးသီးတို့ ၏ ဆရာသခင်ဖြစ်တော် မူသော သဗ္ဗညုဘုရားရှင်၏ ဂုဏ်ကျေးဇူးကို သိသောသူတို့ မှာ ဤဇမ္ဗူဒီပါကျွန်း၌ လုံးဝ မ

ရှိသယောင် ဖြစ်လေခဲ့ပြီတကား။

ဤသို့သော ဇမ္ဗူဒီပါတစ်ကျွန်းလုံး၌ ပညာရှိတို့ ကင်းမဲ့ပါလျှင် အချည်းနှီးသော အခြေအနေသို့ ဆိုက်ရောက်ရလေမည်တကား"

မိလိန္ဒမင်းအဖို့ အမတ်တို့ အား ဤသို့ ညည်းညည်းညူညူ ပြောဆိုတော်မူခဲ့သော်လည်း စိတ်ထဲ၌ မူ ပညာရှိတစ်ဦးဦးနှင့် တွေ့ဆုံဆွေးနွေးလိုစိတ်ကား လျော့ပါးသွားခြင်း မရှိခဲ့။ သူသိလိုသမျှ တို့ အား ပွင့်ပွင့်လင်းလင်း ထုတ်ဖော်ဆွေးနွေးလိုစိတ်များ ထက်သန်ပြင်းပြနေဆဲပင် ဖြစ်လေ၏။

ဤသို့ဖြင့်ပင် အမတ်တို့ ၏ တိုက်တွန်းလမ်းညွှန်မှုအရ မက္ခလိဂေါသာလထံ ခြေဦးလှည့်မိပြန် သတည်း။

***

## မက္ခလိဂေါသာလနှင့် တွေ့ဆုံဆွေးနွေးခြင်း

"အရှင်မက္ခလိဂေါသာလ၊ ဤလောက၌ ကုသိုလ် အကုသိုလ်၊ ကောင်းမှု မကောင်းမှုဟူသည် စင်စစ်ရှိပါသလား။ ထိုထိုကောင်းမှု မကောင်းမှုတို့ ကို ပြုလုပ်ခြင်းကြောင့် ကောင်းကျိုးဖြစ်ထွန်းရမှု၊ မကောင်းကျိုးဖြစ်ထွန်းရမှု ဆိုသည် တို့ မှာ လည်း ဧကန်စင်စစ် ဟုတ်မှန်ပါသလော"

"မင်းကြီး၊ လောက၌ ကောင်းမှု မကောင်းမှုဟူ၍ မရှိ။ ကောင်းရာလု

ပ်၍ ကောင်းကျိုးဖြစ်ထွန်းခြင်း၊ မကောင်းရာလုပ်၍ မကောင်းကျိုးဖြစ်ထွန်းခြင်း ဟူ၍ လည်း မရှိပါ။ စင်စစ် ဘုရင်တစ်ပါးသည် ယခုဘဝ၌ သေဆုံးပြီး ဘဝပြောင်းသွားလျှင် နောက်တစ်ဖန် ဘဝသစ်၌ လည်း ရှင်ဘုရင်ပင် ပြန်၍ ဖြစ်ရပြန်၏။

မင်းကြီး၊ ထို့ပြင် ပုဏ္ဏား၊ သူကြွယ်၊ သူဆင်းရဲ၊ ပန်းအမှိုက်သွန်၊ ဒွန်းစဏ္ဍားစသူတို့ မှာ လည်း ထို့အတူပင် ဖြစ်၏။ ဤဘဝမှ သေလွန်ပြီး ဘဝပြောင်းသွားလျှင် နောက်တစ်ဖန် ဘဝသစ်၌ လည်း ဘဝဟောင်းတုန်းကကဲ့သို့ ပုဏ္ဏားမျိုး၊ သူကြွယ်မျိုး၊ သူဆင်းရဲမျိုး၊ ပန်းအမှိုက်သွန်မျိုး၊ ဒွန်းစဏ္ဍားမျိုး စသည် တို့ ၌ သာ ပြန်လည်ဖြစ်ရကြကုန်၏။ သို့ဖြစ်၍ ကုသိုလ်ကံ၊ အကုသိုလ်ကံတို့ ဆိုသည် မှာ အဘယ်မှာ ရှိနိုင်ပါတော့မည်နည်း"

ထိုစကားကို ကြားရလေသော် မိလိန္ဒမင်းလည်း အကြီးအကျယ် စိတ်ညစ်ညူးသွားရလေ တော့၏။ ထို့ကြောင့်ပင် ချက်ချင်းတုံ့ပြန် မေးလေတော့၏။

"ငါ့ရှင် မက္ခလိဂေါသာလ၊ ငါ့ရှင် ပြောဆိုသကဲ့သို့ ကောင်းမှု မကောင်းမှုဟူ၍ မရှိ။ ကောင်းကျိုး မကောင်းကျိုးဖြစ်ထွန်းမှု ဟူ၍ လည်း မရှိ။ ရှင်ဘုရင်သေလျှင် ရှင်ဘုရင်ဖြစ်၊ သူကြွယ်သေလျှင် သူကြွယ်ဖြစ်၊ ဆင်းရဲသား သေလျှင် ဆင်းရဲသား ဖြစ်ဆိုပါက လောက၌ ကုသိုလ်ကံ၊ အကုသိုလ်ကံဟူ၍ အဘယ်မှာ ရှိနိုင်ပါတော့မည်နည်း။ ထိုသို့ ကုသိုလ်ကံ၊ အကုသိုလ်ကံ၊ ကောင်းမှု၏ အကျိုးဆက်၊ မကောင်းမှု၏ အကျိုးဆက်တို့ မရှိ ဆိုပါက ကောင်းမှုတို့ အား လုပ်ရန် မလိုသကဲ့သို့ မကောင်းမှုတို့ ကိုလည်း ရှောင်ကြဉ်ရန် မလိုတော့ဟု ဆိုသလော။ မိမိ၏ စိတ်နှလုံးအား ထိန်းချုပ်စရာမလိုဟု ဆိုသလော"

မိလိန္ဒမင်း၏ အမေးကို မက္ခလိဂေါသာလသည် မည်သို့မျှ တုံ့ပြန်မဖြေနိုင်။

"ငါ့ရှင် မက္ခလိဂေါသာလ၊ ငါ့ရှင် ဆိုသည့်အတိုင်း သတ္တဝါမှန်သမျှ ဘဝဟောင်းကနည်းတူ ဘဝသစ်၌ လည်း ထပ်တူထပ်မျှ ဖြစ်ကြရိုးမှန်ခဲ့ပါက ယခုဘဝ လက်ပြတ်၊ ခြေပြတ်၊ နှာခေါင်းပြတ်တို့ သေခဲ့လျှင် နောင်ဘဝ၌ လည်း လက်ပြတ်၊ ခြေပြတ်၊ နှာခေါင်းပြတ်တွေ ဖြစ်နေရတော့မည်လော။ တစ်မျိုးတစ်ဖုံ ပြန်လည် ပြုပြင်၍ ဖြစ်နိုင်ပါသလော"

သည် အမေးကိုလည်း မက္ခလိဂေါသာလလည်း မဖြေကြားနိုင်ခဲ့။ သူ့အဖြစ်ကလည်း ပုရာဏ ကဿပနှင့် မခြားပါဘဲကလား။ မိလိန္ဒမင်း၏ အမေးကို ပြေလည်အောင် ဖြေကြားနိုင်စွမ်းမရှိဘဲ ဦးခေါင်းကိုသာ ငိုက်စိုက်ချလျက် တွေဝေငေးမှိုင်နေသည် ကော။ သည် အတွက် မိလိန္ဒမင်း အဖို့ နှစ်ကြိမ်မြောက် စိတ်ပျက်အားလျော့သွားရ၏။ ရှေးနည်းတူပင် ဤဇမ္ဗူဒိပါကျွန်း၌ သူတွေ့ကြုံ ဆုံစည်းလိုသည့် ပညာရှိဟူသည် အချည်းနှီး ဖြစ်ရလေပြီတကားဟု ပင် ကောက်ချက်ချလိုက်မိချေ၏။

နန်းတော်ကို ပြန်ရောက်တော့ သူ၏ အလိုမကျစိတ်ကို အောင့်အည်းမျိုသိပ်ခြင်းငှာ မတတ်နိုင်ခဲ့။

"အချင်းအမတ်တို့၊ ဤညကား လွန်စွာ မွေ့လျော်ဖွယ် ကောင်းလောက်အောင် သာယာလှပါပေစွ။ ဤကဲ့သို့ ညအချိန်မျိုး၌ ငါ၏ ယုံမှားသံသယတို့ အား ပယ်ဖျောက်နိုင်သောသူ၊ ငါနှင့် ယှဉ်ပြိုင်ပြောဆို ဆွေးနွေးနိုင်သည့် ရဟန်းသော်လည်းကောင်း၊ ပုဏ္ဏားသော်လည်းကောင်း တစ်ပါးပါး တစ်ဦးဦးနှင့် တွေ့ဆုံရမည်ဆိုပါလျှင် လွန်စွာမှ ဝမ်းမြောက်ဝမ်းသာ ဖြစ်ပေလိမ့်မည်။

အချင်းတို့၊ ထပ်မံ၍ မရှာနိုင်ကြတော့ပြီလော။ ငါနှင့် ယှဉ်ပြိုင်လျက် ဆွေးနွေးပြောဆို နိုင်သည့်သူ တစ်ဦးတစ်လေမျှပင် မရှိတော့ပြီလော"

ဤ၌တွင် အနီး၌ ခစားလျက်ရှိကြသော အမတ်များ လည်း မင်းကြီး ၏ ပညာစွမ်းရည်ကို သိထားသည် နှင့်အမျှ မင်းကြီးနှင့် တန်းတူရည်တူဖြစ်သော ပညာရှိပုဂ္ဂိုလ်အား မသိရှိ မရှာဖွေနိုင် ကြသဖြင့် နှုတ်ဆိတ်၍ သာ နေကြကုန်၏။

ထိုည ထိုအခါမှ စ၍ သာဂလမြို့၌ တစ်ဆယ့်နှစ်နှစ် ကြာမြင့်သည့် တိုင်အောင် "ပညာရှိပုဂ္ဂိုလ်" ဟူသည့် သတင်းစကားကို လုံးဝမကြားရ တော့ပေ။ သည် အတွက် သာဂလမြို့၌ ပညာရှိဟူ၍ တစ်စုံတစ်ယောက်မျှ မရှိဟူသည့် အခြေအနေသို့ပင် ဆိုက်ရောက်သွားလေတော့၏။ မည်သည့်နေရာဒေသ၊ မည်သည့်ရပ်ရွာတို့ ၌ ပညာရှိ ရှိသည် ကို ကြားရသဖြင့် သွားရောက်တွေ့ဆုံ သည့်တိုင်အောင် မိလိန္ဒမင်း ကျေနပ်နှစ်သက်လောက်အောင် ဆွေးနွေးဖြေကြားနိုင်သောသူ တစ်စုံတစ်ဦးမျှ မရှိခဲ့။ ထိုအချိန် ထိုအခါမှ စ၍ ပညာရှိအမည်ခံ ပုဂ္ဂိုလ်တို့ သည် သာဂလမြို့မှ အရပ်တစ်ပါးသို့ ပြောင်းရွှေ့ထွက်ခွာခြင်း မပြုနိုင်လျှင် တိတ်တိတ်ဆိတ်ဆိတ်သာ နေကြကုန်၏။ ပညာရှိကြောင်းကိုလည်း စိုးစဉ်းငယ်မျှပင် ထုတ်ဖော်မြွက်ဟခြင်း မရှိကြကုန်။

ဤ၌ အများအားဖြင့် ရဟန်းပုဂ္ဂိုလ်တို့ သည် မိလိန္ဒမင်းနှင့် ရင်ဆိုင်တိုးရမည်ကို စိုးရွံ့ကြသည့် အတွက် သာဂလမြို့မှ ဟိမဝန္တာအရပ်သို့သာ ပြောင်းရွှေ့ သီတင်းသုံးကြလေကုန်သတည်း။

***

# ရဟန္တာတို့ စည်းဝေးပွဲ

သာဂလမြို့တွင် ကား ပညာရှိတို့ ဆိတ်သုဉ်းမြဲ ဆိတ်သုဉ်းနေမြဲ။

ထိုအချိန် ထိုကာလ၌ ကုဋေငါးရာကျော်မျှ အရေအတွက်ရှိသော ရဟန္တာအပေါင်းတို့ သည် ဟိမဝန္တာတောင်ရှိ ရက္ခိတကုန်းပြင်၌ စုဝေးမိကြကုန်၏။ ထိုရဟန္တာအပေါင်း၏ အကြီးအကဲ ပုဂ္ဂိုလ်ကား "အဿဂုတ္တ" အမည်ရှိ ရဟန္တာမထေရ်မြတ်ကြီး ဖြစ်လေ၏။

အဿဂုတ္တရဟန္တာ မထေရ်မြတ်ကြီးသည် မိလိန္ဒမင်း၏ မျှော်လင့်တောင့်တမှုနှင့်တကွ ပညာရှိပုဂ္ဂိုလ်တို့ နှင့် စပ်လျဉ်းပြောဆိုသော စကားတို့ အား ဒိဗ္ဗသောတ အဘိဉာဉ်ဖြင့် ကြားသိထား လေ၏။ သည် အတွက် တစ်နေ့သ၌ ရဟန်းသံဃာအပေါင်းတို့ အား ယုဂန္ဓရတောင်ထိပ်၌ စုဝေးစေကာ စုံစမ်းမေးမြန်းတော်မူလေ၏။

"ငါ့ရှင်တို့ ၊ သာဂလပြည့်ရှင် မိလိန္ဒမင်းသည် ၎င်း၏ ယုံမှားသံသယတို့ အား ရှင်းလင်း ပယ်ဖျောက်ရန်အတွက် လည်းကောင်း၊ ၎င်းနှင့်ယှဉ်ပြိုင် ဆွေးနွေးရန်အတွက် လည်းကောင်း၊ ပညာရှိတစ်ဦးတစ်ယောက်အား လိုလားတောင့်တလျက် ရှိပေ၏။

သို့ဖြစ်၍ ယခုရောက်ရှိ စုဝေးလာကြသည့် ငါ့ရှင်တို့ အထဲ၌ မိလိန္ဒမင်းနှင့် တန်းတူညီမျှ ဖက်ပြိုင်ပြောဆို ဆွေးနွေးနိုင်သူများ ရှိကြပါသလော။ မိလိန္ဒမင်း မေးလေသမျှ ရှင်းလင်း ဖြေကြားပေးနိုင်သူများ ရှိကြပါသလော"

အဿဂုတ္တရဟန္တာ မထေရ်မြတ်၏ အမေးကား သုံးကြိမ်သုံးခါတိတိ

ဖြစ်၏။ ဤသို့ သုံးကြိမ် သုံးခါတိုင် မေးသော်ငြား မည်သည့်ရဟန်းထံမှ အဖြေစကားသံ ထွက်ပေါ်မလာခဲ့။ ရဟန်းအပေါင်း တို့ အား မိလိန္ဒမင်း နှင့် ဖက်ပြိုင်ပြောဆို ဆွေးနွေးဖြေကြားနိုင်ခြင်း မရှိသည့်အတွက် ဆိတ် ဆိတ်သာ နေကြလေကုန်၏။ ထိုအခါ အဿဂုတ္တရဟန္တာ မထေရ်မြတ် ကပင် ထပ်မံစကား မြွက်ဟပြန်လေ၏။

"ငါ့ရှင်တို့ ... တာဝတိံသာနတ်ပြည်ရှိ ဝေဇယန္တာ နန်းပြာသာဒ်၏ အ ရှေ့မြောက်ထောင့်အရပ် ၌ "ကေတုမတီ" ဟူ၍ အမည်ရှိသော ဗိမာန်တ စ်ခု ရှိပေ၏။ အဆိုပါ ကေတုမတီဗိမာန်၌ စံနေတော်မူသော "မဟာသေ န" နတ်သားသည် မိလိန္ဒမင်းနှင့် ဖက်ပြိုင်၍ ပြောဆိုဆွေးနွေးနိုင်သူ ဖြ စ်ပေ၏။

ထိုမဟာသေနနတ်သားသည် မိလိန္ဒမင်း၏ သံသယတို့ အား ပယ်ဖျောက်ရှင်းလင်း ဆွေးနွေးနိုင်သူ ဖြစ်သည့်အတွက် ငါတို့ သည် သူ့ ထံသို့ သွားကြပါအံ့"

ဤသို့ဖြင့် အဿဂုတ္တရဟန္တာ မထေရ်မြတ်ကြီး ဦးဆောင်သော ရဟ န်းအပေါင်းတို့ သည် ယုဂန္ဓရတောင်ထိပ်မှ တာဝတိံသာနတ်ပြည်သို့ တ ညီတည္ညတ်တည်း ကြွရောက်ကြကုန်၏။ ထိုအခါ သိကြားမင်းသည် အ ဿဂုတ္တရဟန္တာ မထေရ်မြတ်ကြီး ဦးဆောင်သော ရဟန်းအပေါင်းတို့ ကို အဝေးကပင် ကြိုတင်မြင်လေသည့်အတွက်ကြောင့် ၎င်းစံတော်မူရာ တာဝတိံသာနတ်ပြည်သို့ ရောက်လျှင်ရောက်ချင်း ချဉ်းကပ်၍ ရိုရိုသေ သေ ရှိခိုးလေ၏။

"အရှင်ဘုရား ... များ စွာသော ရဟန်း အပေါင်းတို့ နှင့် တာဝတိံသာ နတ်ပြည်သို့ ကြွရောက်လာခြင်းမှာ မည်သို့သော အကြောင်းကိစ္စ ရှိပါသ နည်း။

တပည့်တော်သည် ရဟန်းသံဃာ အပေါင်းတို့ ၏ အစောင့်အရှောက် အလုပ်အကျွေး ဖြစ်ပါ၏။ အရှင်ဘုရားတို့ အလိုရှိရာကို မြွက်ကြားတော်မူပါ ဘုရား"

ထိုသို့ လျှောက်ကြားသည် ရှိသော အဿဂုတ္တရဟန္တာမထေရ်မြတ်ကြီးလည်း တုံ့ပြန်ဖြေကြား တော်မူလေ၏။

"ဒကာတော် သိကြားမင်း ... ငါတို့ လာခဲ့ရခြင်းအကြောင်းရင်းကား လူ့ပြည်ရှိ သာဂလပြည့်ရှင် မိလိန္ဒမင်းနှင့် စပ်လျဉ်းသည့်ကိစ္စနှင့် ပတ်သက်၍ ဖြစ်ပါ၏။ မိလိန္ဒမင်းသည် များ စွာသော လောကီပညာတို့ ကိုသာ တတ်ကျွမ်းရုံမဟုတ်။ ဘုရားဟော ပိဋကတ်ကျမ်းဂန်များကို လည်း ကျွမ်းကျင်စွာ တတ်မြောက်သူ ဖြစ်ပေ၏။

ထိုကဲ့သို့ ကျွမ်းကျင်စွာ တတ်မြောက်သူ ဖြစ်သည့်အတွက် ၎င်းဆိုသမျှ စကားတို့ သည် တစ်ဖက်သားအပေါ်၌ လွှမ်းမိုးနှိပ်စက်သကဲ့သို့ ဖြစ်နေ၏။ သည် အတွက် ရဟန်းသံဃာအပေါင်းတို့ လည်း ၎င်းနှင့်ဖက်ပြိုင်ပြောဆိုနိုင်ခြင်း မပြုဝံ့ကြကုန်။

လူအပေါင်းတို့ မှီခိုကိုးကွယ်ရာ ရဟန်း၊ ပုဏ္ဏားတို့ ထက်ပင် ၎င်းကသာလွန်ပိုမိုကာ မြင့်မြတ်သကဲ့သို့ ဖြစ်နေသည့်အတွက်လည်း ၎င်းအပေါ် ဆိုဆုံးမနိုင်သူ၊ ဆုံးမနိုင်သည့် အဖြစ်သို့ မရှိရာသို့ ရောက်နေပေ၏ "

ထိုအခါ သိကြားမင်းက တုံ့ပြန်လျှောက်ထား လိုက်လေ၏။

"အရှင်ဘုရား ... အရှင်ဘုရား မိန့်ဆိုသည့်အတိုင်းပင် မှန်ပါ၏။ မိလိန္ဒမင်းသည် တပည့်တော်တို့ နတ်ပြည်မှ စုတေသွားသူ ဖြစ်ပါ၏။

အရှင်ဘုရား၊ ကေတုမတီမည်သော ဗိမာန်တွင် "မဟာသေသေန" အမည်ရှိ နတ်သားတစ်ပါး ရှိပါ၏။ ထိုနတ်သားသည် မိလိန္ဒမင်းနှင့် ဖက်ပြိုင်ဆွေးနွေးနိုင်စွမ်းရှိသူ ဖြစ်ပါ၏။ မိလိန္ဒမင်း၏ ယုံမှားသံသယတို့ အား ပယ်ဖျောက်ခြင်းငှာ စွမ်းနိုင်သူ ဖြစ်ပါ၏။ တပည့်တော်တို့ သည် ထိုမဟာသေန နတ်သားကို လူ့ပြည်၌ ဖြစ်သိမ့်သောငှာ သွားရောက်၍ တောင်းပန်ကြပါကုန်အံ့"

သိကြားမင်းလည်း ထိုသို့ပြောဆို လျှောက်ထားပြီးသည့်နောက် ၎င်းကိုယ်တိုင်ပင် ဦးစီးဦးဆောင်ပြုလျက် မဟာသေနနတ်သား စံမြန်းရာ ကေတုမတီ ဗိမာန်အတွင်းသို့ ဝင်လေ၏။ ထို့နောက် မဟာသေန နတ်သားအား ရင်းနှီးကျွမ်းဝင်စွာဖြင့် -

"ချမ်းသာလှစွာသော မဟာသေနနတ်သား၊ သင်နတ်သားအား ယခုရောက်ရှိ ကြွမြန်းလာ ကြကုန်သော ရဟန်းသံဃာအပေါင်းက လူ့ပြည်၌ ပဋိသန္ဓေ နေစိမ့်သောငှာ တောင်းပန်ကြပါကုန်၏ "

ဟု ပြောဆိုလိုက်လျှင်ပင် မဟာသေန နတ်သားလည်း -

"အရှင်ဘုရားတို့ ၊ တပည့်တော်သည် အမှုကိစ္စများ မြောင်လှစွာသော လူ့ပြည်လူ့လောက၌ မနေလိုပါ။ ယခု တည်နေဆဲ နတ်ပြည်မှ သည် အထက်နတ်ပြည်များ သို့ အဆင့်ဆင့်တက်၍ နောက်ဆုံး၌ ပရိနိဗ္ဗာန်ပြုလိုသောစိတ်သာ ရှိပါ၏ "

ဟူ၍ ပြန်လည်လျှောက်ထား လိုက်လေ၏။ ရဟန်းတို့ ကလည်း သုံးကြိမ်သုံးခါထိတိုင်ပင် တောင်းပန်ပြန်၏။ မဟာသေနကလည်း ပထမဆိုပြီးခဲ့သော စကားအတိုင်းပင် သုံးကြိမ်သုံးခါတိတိ ပြန်လည်လျှောက်ထားကာ ငြင်းပယ်လေ၏။ ဤတွင် အဿဂုတ္တရဟန္တာ မထေရ်မြတ်ကြီးက -

"အချင်း ... မဟာသေနနတ်သား၊ ငါတို့ သည် မိလိန္ဒမင်း၏ ယုံမှား သံသယတို့ အား ပယ်ဖျောက်ရန်အတွက် လည်းကောင်း၊ ပိဋကတ်သုံးပုံ အရာ၌ မိလိန္ဒမင်းနှင့် တန်းတူညီမျှ ဆွေးနွေးပြောဆိုရန်အတွက် လည်း ကောင်း၊ မိလိန္ဒမင်း၏ ချွတ်ယွင်းသော အယူဝါဒတို့ ကို ဖျက်ဆီး၍ ဘု ရားရှင်၏ သာသနာတော်ကို ချီးမြှောက်ရန်အတွက် လည်းကောင်း၊ အဖ က်ဖက်မှ စွမ်းနိုင်သူကို လိုက်လံရှာဖွေရာ၌ လူ့လောက၊ နတ်လောက အားလုံးတွင် အသင်နတ်သားမှ တစ်ပါး မည်သည့်ပုဂ္ဂိုလ်ကိုမျှ မမြင်ပါ။

အသင်နတ်သားသည် သာလျှင် မိလိန္ဒမင်းထက် သာလွန်ထူးကဲ၍ အယူမှန်ဝါဒမှန်၌ တည်စေနိုင်မည့်သူ ဖြစ်ပါ၏။ ထို့ပြင် ဘုရားရှင်၏ သာသနာတော်ကို ချီးမြှောက်နိုင်မည့် ပုဂ္ဂိုလ်လည်း ဖြစ်ပါပေ၏။

အချင်းနတ်သား၊ ငါနှင့်တကွသော ရဟန်းသံဃာအပေါင်းသည် အ သင်နတ်သားအား အနူးအညွတ် တောင်းပန်ပါ၏။ အသင်နတ်သား အ နေဖြင့် မိလိန္ဒမင်းအပေါ် ဆုံးမရန်သာ မဟုတ်သေး။ ဘုရားရှင်၏ သာ သနာတော်ကို ချီးမြှောက်ရန်အတွက်လည်း အကြောင်းကိစ္စ ရှိပါသေး၏ ။ သည့်အတွက် အသင်နတ်သားအား လူ့ပြည်သို့ လာရောက်ဖြစ်တည်ရ န် တောင်းပန်ရခြင်း ဖြစ်ပါသည် အသင်နတ်သား"

သည် စကားကို ကြားလိုက်ရလေသော် မဟာသေနနတ်သားအဖို့ အိ ပ်မောကျနေသော နှလုံးသားအား လာရောက်တို့ ထိ နှိုးလိုက်သကဲ့သို့ပ င်။ အဖွျတ္တ၌ လည်း ရွှင်လန်းဝမ်းမြောက်သွား ရသည် ။ စိတ်အာရုံ၌ လ ည်း -

"ရဟန္တာ အရှင်သူမြတ်ကြီး၏ စကားအရဆိုပါလျှင် ငါသည် လူ့ပြည် ၌ အတတ်ပညာ၊ အသိပညာတို့ ဖြင့် မာန်စောင်ကြွနေသည့် မိလိန္ဒမင်း ၏ အယူဝါဒကို ဖျက်ဆီးသုတ်သင်၍ သာသနာတော်အား ချီးမြှောက်

ထောက်ပံ့ရန် ဖြစ်ပေသည် တကား"

ဟူ၍ လည်း တွေးတောဆင်ခြင်လိုက်မိ၏။ ထိုသို့ တွေးတောဆင်ခြင်မိလိုက်ခြင်းကပင် သူ့ကိုယ်သူ လွန်စွာအားရ ကျေနပ်ခြင်းများ စွာ ဖြစ်လျက် ရုတ်ခြည်းဆိုသလိုပင် ရဟန္တာ အရှင်သူမြတ်ကြီးနှင့်တကွ ရဟန်းသံဃာ အပေါင်းအား နှလုံးအိမ်ကို မွေ့သိမ်နူးညံ့စေမည့် ကတိစကားကို ပေးလိုက်မိလျက်သား ဖြစ်သွားရလေ၏။

"အရှင်ဘုရားတို့ ...

တပည့်တော်သည် အရှင်ဘုရားတို့ ၏ အလိုဆန္ဒကို မပယ်ရှားတော့ပါ။ အရှင်ဘုရားတို့ တောင်းပန်တိုက်တွန်းကြသည့် အတိုင်းပင် လူ့ပြည်၌ ပဋိသန္ဓေနေလျက် မိလိန္ဒမင်း၏ အယူဝါဒကို ဖျက်ဆီးသုတ်သင်ရန် လည်းကောင်း၊ ဂေါတမဘုရားရှင်၏ သာသနာတော်ကို ပြန့်ပွားစည်ပင်ချီးမြှောက်ရန်အတွက်သော် လည်းကောင်း ကတိပေးပါ၏ "

"သာဓု ... သာဓု ... သာဓုပါ အသင်နတ်သား"

ဤသို့ဖြင့် အသဃုတ္တ အရှင်သူမြတ်ကြီးနှင့်တကွ ရဟန်းသံဃာအပေါင်း၏ တာဝတိံသာသို့ လာရသော ခရီးသည် လာခြင်းကောင်းသောခရီး ဖြစ်သကဲ့သို့ လူ့ပြည်ရှိရာ ပြန်လည် မြန်းကြွရသော ခရီးသည် လည်း ပြန်ခြင်းကောင်းသောခရီးပင် ဖြစ်လေခဲ့သည် တကား။

***